## dead, deceased, late adj.

**dead** သေဆုံးသော။ (စိုပြည်လန်းဆန်းမှု။ လှုပ်ရှားနေမှု စသည့်) သက်တမ်းကုန်သော။ The victim was dead on arrival at the hospital.(–)ခံရသူဟာ ဆေးရုံအရောက်မှာ သေဆုံးသွားတယ်။ Throw the dead flowers.(သက်တမ်းကုန်သွားတဲ့) ညှိုးသွားတဲ့ ပန်းတွေကို လွှင့်ပစ်လိုက်ပါ။

**deceased** (လူအတွက်သာသုံးသည်။ ဥပဒေစကားလုံး) ကွယ်လွန်သော။ The property of the deseased, John Doe, was left to the church. ကွယ်လွန်သူ ဂျွန်ရဲ့ ဥစ္စာပစ္စည်းတွေကို ခရစ်ယာန်ကျောင်းတော်ကို လှူခဲ့တယ်။

**late**(စကားလုံးကို သေဆုံးပြီးသည့်ပုဂ္ဂိုလ် အမည်ရှေ့ ထည့်သုံးသည်) ကွယ်လွန်သူ။ the late U Ba Nyein ကွယ်လွန်သူ ဦးဘငြိမ်း။

## debate, dispute n.

**debate**(လူထုရှေ့မှောက်တရားဝင်)အခြေအတင်ပြောမှု။။စကားစစ်ထိုးပွဲ။ Our high school held a debate with Mayanchan high school on college education ကျွန်မတို့အထက်တန်းကျောင်းနဲ့ မရမ်းခြံအထက်တန်း ကျောင်းတို့ဟာ ကောလိပ်ပညာရေးအကြောင်း စကားစစ်ထိုးပွဲ လုပ်ခဲ့တယ်။

**dispute**(အကြောင်းကိစ္စတစ်ခုခုအပေါ် အပြန်အလှန်) အငြင်းအခုံ။ The neighbors (neighbours) had a dispute over the boundary line.ခြံစည်းရိုး(မြေအကန့်အသတ်) မျဉ်းနဲ့ ပတ်သက်ပြီး အိမ်နီးချင်းတွေ စကားများခဲ့ကြတယ်။

## deceive, mislead, beguile, delude, betray v.

**deceive**(မိမိအကျိုးအတွက် မျှော်လင့်ချက်ဖြင့် စိတ်လိုလက်ရ)လိမ်သည်။ လိမ်လည်လှည့်စားသည်။ He was deceived by the salesman into paying too much for the car. ကားဘိုးကို မတန်တဆ ပေးရအောင် ကားရောင်းသူက လိမ်လည် လှည့်စားတာကို သူက ခံလိုက်ရတယ်။

**mislead** (သို့သော် သဘောမရှိဘြားလည်း အလုပ်မှား။ လမ်းမှားသည့် အဖြစ်သို့ ရောက်တတ်သည့်) ယုံမှားစေသည်။ တလွဲဦးတည်စေသည်။ She was misled by the sign into going to the wrong road. လမ်းညွှန်ဆိုင်းဘုတ် အကြည့်မှားပြီး မဟုတ်တဲ့လမ်းထဲကို သူ ဝင်သွားမိတယ်။

**beguile**(ဖျားယောင်းပြီး သို့မဟုတ် မြူဆွယ်ပြီး ယုံစေသည်။) လှည့်ဖျားသည်။ Samson was beguiled into telling the secret of his strength.သူ့ခွန်အားအစွမ်းရဲ့ လျှို့ဝှက်ချက်ကို ပြောလာအောင် (Samson and Delilah ရုပ်ရှင်ကားထဲက) ဆမ်ဆန်ဟာ လှည့်စားခံခဲ့ရတယ်။ (မှတ်ချက်။ **beguile.**အခြား အဓိပ္ပာယ်ကောင်းမှာ–ညှို့ယူဖမ်းစားသည်။ ရွှင်မြူးစေသည်။။ ဥပမာ– Daw Hla beguiled her young daughters with fairy tales ဒေါ်လှဟာ သူ့သမီးလေးတွေကို ဒဏ္ဍာရီပုံပြင်တွေပြောပြီး မနောခွေ့ (သဘောကျ) စေတယ်)

**delude** (အမှားကို အမှန်ထင်စေရန် လှည့်ဖျားသည်။) ထင်ယောင်ထင်မှားဖြစ်စေသည်။ Nyunt Nyunt deluded herself that Ko Ko Naing had fallen for her. ကိုကိုနိုင်ဟာ သူ့ကို (ကြိုက်ခဲ့ပြီ) ညွတ်ခဲ့ပြီလို့ ညွန့်ညွန့်က သူ့ဘာသာအထင်ရောက်ခဲ့တယ်။

**betray** (သစ္စာရှိယောင်။ တည်ကြည်ယောင်ဆောင်သည်) သစ္စာဖျက်သည်။ သစ္စာဖောက်သည်။ My cousin betrayed me to the enemy. ကျွန်တော့်ညီဝမ်းကွဲဟာ ကျွန်တော့်ကို ရန်သူ့လက်အပ်ပြီး သစ္စာဖောက်ခဲ့တယ်။